# တစ်နေ့ ၃၀၀ လီတာ
# ရေသန့်စင်မှုစနစ်



Aqueous Solutions
Advancing the Science of Self-reliance

www.aqsolutions.org

# ရေသန့်စင်မှုစနစ် ဆက်သွယ်ချက်ပြပုံ

၂၀၀လီတာဆန့် အပြာရောင် ပလတ်စတစ်တိုင်ကီ
တိုင်ကီရွေးချယ်ရာ၌ တိုင်ကီအသစ်သို့မဟုတ် အစားအသောက်၊ ဆပ်ပြာ၊ အခြား
ဆေးကြောရလွယ်ကူသော အရာများ သယ်ယူပို့ဆောင်ရာ၌ အသုံးပြုသော တိုင်ကီများကို သာ
ရွေးချယ် ဝယ်ယူသင့်ပါသည်။






မြင့်ရာမှ နိမ့်ရာသို့ ရေပို့ဆောင်မှုစနစ်



## ကျောက်စရစ်ခဲအသုံးပြု ရေသန့်စင်မှုစနစ်

*ကျောက်ခဲသဲမြေ၊ အမှိုက်များနှင့် ပိုးမွှားများကို ဖယ်ရှားပေးနိုင်ပါသည်။*

ဒီရေသန့်စင်မှုအဆင့်တွင် ရေသည် ကျောက်စရစ်ခဲများကို ဖြတ်ကျော်ကာ အောက်မှ အထက်သို့ စီးဆင်းသည်။ ထို့သို့ စီးဆင်းရာ၌ ကျောက်ခဲသဲမြေများနှင့် အခြား အစိုင်အခဲ အညစ်အကြေးများသည် ရေစည်အောက်ခြေ သို့ အနည်ထိုင်ကျသွားပါမည်။ သဲမှုန်မြေမှုန်များကို ကပ်ငြိနေသော ရောဂါဖြစ်ပွားသည့် ပိုးမွှားများလည်း အနည်ထိုင် သွားပါလိမ့်မည်။








ရောဂါဖြစ်စေသော ပိုးမွှားများ (ပရိုတိုဇိုးဝါး၊ ဘတ်တီးရီးယား၊ နှင့် ဗိုင်းရပ်စ်) သည် လူနှင့် တိရစ္ဆာန်အညစ်အကြေးများကြောင့် ညစ်ညမ်းမှုရှိသည့် ရေထဲတွင် နေထိုင်နိုင်သည်။

## ဇီဝသဲရေသန့်စင်မှု

*အမှုန်အမွှားများ၊ ရေ၌ပျော်ဝင်နေသော သဘာဝအမှိုက်များ နှင့် ရောဂါဖြစ်စေတတ်သော ပိုးမွှားများကို ဖယ်ရှားပေးသည်။*

ယခုသန့်စင်မှုအဆင့်တွင် ရေသည် သဲထုထည်ကို ဖြတ်၍ အပေါ်မှ အောက်သို့စီးဆင်းသည်။ အမှုန်အမွှားများကို သဲများက စစ်ယူထားသော နည်းဖြင့် ဖယ်ရှားကာ ပိုးမွှားများကို သဲများအပေါ်မှာကပ်ငြိစေသော နည်း အားဖြင့် ဖယ်  ရှားပေးသည်။ အချိန်ကြာလာတာနှင့် အမျှ သဘာဝအတိုင်း လူအကျိုးပြုသော ပိုးမွှားများနှင့် ဖွဲ့စည်းထားသော အလွှာ(ဘိုင်အိုဖင်လ်) သည် သဲ၏ အပေါ်ယံ ၁ (သို့) ၂ စင်တီမီတာလောက် ဖြစ်ပေါ်လာသည်။ ထိုအလွှာသည် ရောဂါဖြစ် စေသောပိုးမွှားများကို ရေအပူချိန်နှင့်အောက်စီဂျင်ပျော်ဝင်မှုအခြေအနေများ ဖြင့်ဖိအားပေးခြင်း၊ထိုအလွှာတွင် နေထိုင်သော အကျိုးပြုပိုးမွှားများ၏အရေ အတွက်သည်ပိုများသည်နှင့်အမျှ ရောဂါဖြစ် ပွားစေသော ပိုးမွှားများနှင့်  အစားအသောက်နေရာ ပြိုင်ဆိုင်အနိုင်ယူနိုင် ခြင်း နည်း နှင့် ပရိုတိုဇိုးဝါးပိုး များ၏ ဖမ်းဆီးစားသောက်ခံရခြင်း နည်းလမ်း များဖြင့် ဖယ်ရှားပေးသည်။  ဘတ်တီးရီးယားပိုးမွှားများက ဖျက်ဆီးပေးနိုင် သော ရေတွင်ပျော်ဝင်နေသည့်  သဘာဝအမှိုက်များနှင့် လူလုပ်သည့် ရေညစ်ညမ်းစေသည့် ဓာတုပစ္စည်းများ ကိုလည်းဖယ်ရှားပေးပါသည်။



# ဘိုင်အိုမီးသွေးအသုံးပြု ရေသန့်စင်မှုစနစ်

*လူလုပ်သည့် အန္တရာယ်ရှိသော ကာဘွန်ပါ* ဓာတုပစ္စည်းများ ကို ဖယ်ရှားပေးသည်။

ယခုရေသန့်စင်မှုစနစ်တွင် ရေသည် အပေါ်မှအောက်သို့ ဘိုင်အိုမီးသွေး အလွှာကို ဖြတ်၍ စီးသည်။




ရေသန့်စင်မှုအတွက် အဓိကရည်ရွယ်၍ပြုလုပ်ထားသော ဘိုင်အိုမီးသွေးသည် ရေစိမ့်ဝင်ပေါက်များစွာပါသည့် အတွက် ၎င်း၏ အတွင်းမျက်နှာပြင်မှာ ကျယ်ပြန့်ပါသည်။ ရေတွင်ပျော်ဝင်နေသော အန္တရာယ်ရှိသော ဓာတုပစ္စည်းများ သည် ဘိုင်အိုမီးသွေး၏ မျက်နှာပြင်ပေါ်ရှိ စိမ့်ဝင်ပေါက် အသေးစားများ အတွင်းသို့ ဝင်ရောက် ကပ်ညိပါသည်။ လူအကျိုးပြု ပိုးမွှားများဖြင့်ဖွဲ့စည်း ထား သော ဘိုင်အိုဖင်လ် အလွှာသည်လည်း ဘိုင်အိုမီးသွေးပေါ်တွင် ခပ်ပါးပါးတည် ရှိပါသည်။ ရေကိုညစ်ညမ်းစေသည့် လူလုပ် ဓာတုပစ္စည်းများ ကို မျက်နှာပြင်ပေါ်တွင် ကပ်ညိစေသော နည်းလမ်းနှင့် ပိုးမွှားများက ဖျက်ဆီးဖယ်ရှားပေးသော နည်းလမ်းများဖြင့် အဓိက ဖယ်ရှားပေးပါသည်။*



# ကျောက်စရစ်ခဲအသုံးပြု ရေသန့်စင်မှုစနစ်

၁။ ဝင်ပေါက်ဗားခလုတ် (၁/၂”)
၂။ ဝင်ပေါက်သန့်ရှင်းသည့် ဗားခလုတ် (၁/၂”)
၃။ ရေပေါ်ဗားခလုတ် ရေဝင်ပေါက် (၁/၂”)
၄။ ကွန်ကရီ အုတ် အကာ
ရေပေါ်ဗားခလုတ် လက်တံ၏ ဒေါင်လိုက်ရွေ့လျားမှုကို အနှောင့်အယှက်မရှိအောင်လုပ်ဆောင်ပေးသည်။ ရေပေါ်ဗားခလုတ်နှင့် လက်တံကိုချည်သည့် ကြိုးကို ဆက်နိုင်ရန်အတွက် အပေါ်အမိုးကွန်ကရီအုတ်၏ အလယ်၌ ၁ ၁/၂” အချင်းရှိ အပေါက်ကို ဖောက်ပါ။
၅။ ရေပေါ်ဗားခလုတ်
၆။ အဖိုပိုက်ဆက် (၁/၂”)
၇။ အမပိုက်ဆက် (၁/၂”)
၈။ ထွက်ပေါက်ဗားခလုတ် (၁/၂”)
၉။ ရေပေါ်ဗားခလုတ်ကြိုးအခန်း (၁ ၁/၂”)
၁၀။ ရေပေါ်ဗားခလုတ်ကြိုး
၁၁။ ရေပေါ်ဗားခလုတ်ကြိုးအခန်း အောက်ခြေ (၂ x ၁ ၁/၂”)
၁၂။ အဖိုပိုက်ဆက် (၁ ၁/၂”)
၁၃။ အမပိုက်ဆက် (၁ ၁/၂”)
၁၄။ ရေသန့်ရှင်းရေးဗားခလုတ် (၁ ၁/၂”)
၁၅။ အောက်ခြေရေစီးဆင်းမှုစနစ်။ ။ လက်သီးဆုပ်အရွယ် ကျောက်ခဲများနှင့် ကျောက်စရစ်ခဲ
၁၆။ ဝက်အူနှင့် ဝါရှာ (ရေပေါ်ဗားခလုတ်ကြိုး တပ်ဆင်မှု)
၁၇။ ကျောက်စရစ်ခဲအကြီးစား (၁၀-၂၅ မီလီမီတာ အချင်း)
၁၈။ ကျောက်စရစ်ခဲအသေးစား (၅ - ၁၀ မီလီမီတာ အချင်း)
၁၉။ မင်းတုန်း နှင့် ဝါရှာ (ရေပေါ်ဗားခလုတ်ကြိုး တပ်ဆင်မှု)






# တိုင်ကီများကြားပိုက်ဆက်သွယ်ပုံ
















၂၀။ ပိုက်ကောက်ဆက် (၁/၂”)
၂၁။ ရေထွက်ပေါက်ဖားခလုတ် (၁/၂”)
၂၂။ ရေပိုက်အပျော့
၂၃။ တီပိုက်ဆက် (၁/၂”)
၂၄။ ရေသန့်ရှင်းရေးဖားခလုတ်(၁/၂”)
၂၅။ အရစ်ပါအမပိုက်ဆက် (၁/၂”)
၂၆။ စီလီကွန်း
၂၇။ တက်ဖလွန် တိပ်
၂၈။ အရစ်ပါအဖိုပိုက်ဆက် (၁/၂”)

တိုင်ကီများတွင်ပိုက်ဆက်ဖို့ရန်အပေါက်များကို လက်ဖြင့်သော်လည်းကောင်း ဖောက်စက်ကို ၂၁ မီလီမီတာလွှတိုင်းဖြင့် ၁/၂” အပေါက်အတွက် နှင့် ၄၈မီလီမီတာလွှတိုင်းကို ၁ ၁/၂”အပေါက်အတွက် အသုံးပြု၍သော်လည်းကောင်း ဖောက်နိုင် သည်။

၁/၂” ပီဗွီစီပိုက်အပိုင်းသေးများကို ရေပိုက်ပျော့နှင့် ပိုက်ဆက်များကို ဆက်ရာတွင် သုံးပြုနိုင်သည်။



# ဇီဝသဲရေသန့်စင်မှုနှင့် ဘိုင်အိုမီးသွေးရေသန့်စင်မှု

## အသုံးပြုပစ္စည်းများနှင့် အရွယ်အစား

၁။ သဲအသေးစား [ ၀.၁ - ၂.၅ မီလီမီတာ အချင်း ]
၂။ ကြိတ်ထုထားသော ဘိုင်အိုမီးသွေး [၁ - ၅ မီလီမီတာ အချင်း]
၃။ သဲအကြီးစား [ ၂.၅ - ၅ မီလီမီတာ အချင်း ]
၄။ ကျောက်စရစ်အသေးစား [ ၅ - ၁၀ မီလီမီတာ အချင်း]
၅။ ကျောက်စရစ်အကြီးစား [ ၁၀ - ၂၅ မီလီမီတာ အချင်း]

ရေသန့်စင်မှုစနစ်မတည်ဆောက်မီ အသုံးပြုမည့် သဲ၊ကျောက်စရစ်ခဲနှင့် ဘိုင်အိုမီးသွေးများကို အလွန်သေးငယ်သော သဲမှုန်၊ မီးသွေးမှုန်၊ နှင့် ကျောက်မှုန်နှင့် အခြားအမှုန်အမွှားများ မကပ်ညိစေရန် ရေဖြင့် သေချာစွာဆေးရမည်။



၆။ ရေထွက်ပေါက်ပိုက် ( ၁/၂" အချင်း x ၂၀ စင်တီမီတာ)
၇။ ပိုက်ကောက်ဆက် ( ၁/၂" )
၈။ အရစ်ပါ အမပိုက်ဆက် ( ၁/၂" )
၉။ အရစ်ပါ အဖိုပိုက်ဆက် ( ၁/၂" )
၁၀။ ထွက်ပေါက်ဖားခလုတ် ( ၁/၂" )







***ရေသန့်စင်မှု၏ ရေစီးမှုနှုန်းကို တစ်နေ့ ၁၀၀ - ၃၀၀ လီတာနှုန်း ၌ ထိန်းသိမ်းထားရန်မှာ ရေကို ထိရောက်မှုအရှိဆုံးသန့်စင်ပေးနိုင်မှုအတွက် အရေးကြီးပါသည်။***

ဇီဝသဲရေသန့်စင်မှုစနစ်သည် သဲမှုန်များကို ရေစစ်ထုထည်အဖြစ်သုံးသည့်အတွက်ကြောင့် ရေစီးဆင်းမှုကို နှေးကွေးစေသည်။ ပထမစတင်အသုံးပြုသည့်အချိန်မှ သီတင်းပတ်အနည်းငယ် ကြာသည် အထိ ရေစီးနှုန်းသည် အမြင့်ဆုံးဖြစ်သည်။ အချိန်ကြာလာသည့်အခါ ဘိုင်အိုဖင်လ်အလွှာ ဖြစ်ပေါ်လာသည်နှင့်အမျှ ရေစီးဆင်းမှုနှုန်း နှေးလာသည်။ ရေစီးနှုန်းသည် ဇီဝသဲရေသန့်စင်မှုစနစ်ထိန်းသိမ်းမှု ပြုလုပ်ချိန်ကာလအတွင်း၌လည်း အနည်းငယ်ကွဲပြားနိုင်သည်။
ရေသန့်စင်စနစ်ကို စတင်အသုံးပြုချိန်နှင့် ထိန်းသိမ်းမှုပြုလုပ်ပြီးကာစ အချိန်တိုက်၌ ဘိုင်အိုဖင်လ် ဖြစ်ပေါ်လာမှုသည် ဒေသအလိုက် နေ့စဉ် နှင့်ဥတုအလိုက် အပူချိန်ကွဲပြားမှုနှင့် ရေအရင်းအမြစ်၏ အရည်အသွေးများဖြစ်သည့် အောက်စီဂျင်ပျော်ဝင်နှုန်းနှင့် သဘာဝအမှိုက်ပမာဏပေါ် မှာ မူတည်ပါသည်။

***ရေသန့်စင်မှုစနစ်၏ ရေစီးဆင်းမှုနှုန်းကို ရေသန့်သိုလှောင်ကန်၏ ရေထွက်ပေါက်ပိုက်၏ အနိမ့်အမြင့် ညှိပေးခြင်းဖြင့် ထိန်းချုပ်နိုင်ပါသည်။***
ရေထွက်ပေါက်အမြင့်(၆) သည် ရေစည်ပြည့်သည့်အခါ ရောက်ရှိသည့် ရေမျက်နှာပြင်သည်နှင့် သက်ဆိုင်မှုရှိပြီး ရေသန့်စင်မှုစနစ်တစ်ခုလုံး၏ ရေစီးဆင်းမှုကို ထိန်းချုပ်ထားပါသည်။
ရည်မှန်းထားသည့် ရေသန့်ပမာဏရရှိရေးအတွက် (တစ်နေ့ ၃၀၀ လီတာနှင့် ၅ မိနစ် တစ်လီတာနှုန်းခန့်) ရေထွက်ပေါက် (၆) ထောင့် ကို ပုံတွင်ပြထားသည့်အတိုင်း လိုအပ်သလို ညှိယူပါ။

# ပလတ်ဖောင်းနှင့် အမိုးမိုးခြင်း

တိုင်ကီများကို ခိုင်ခံ့ညီညာသော ပလတ်ဖောင်း အမြင့်ပေါ်တွင် တပ်ဆင်ပါ။ တိုင်ကီများထဲသို့ဖုန်အမှုန်များ၊ သစ်ရွက်များနှင့် ပိုးကောင်များ မဝင်စေရန် ၁ မီလီမီတာပလတ်စတစ်စကာများ သို့ ပလတ်စတစ်စများဖြင့်အုပ်ပြီး ကြိုးများဖြင့် သေချာချည်ပါ။ ထို့နောက်တွင် တိုင်ကီများကို အရိပ်ရအောင် အမိုးအကာ အောက်တွင် ထားပါ။

















### ***ရေသန့်စင်မှုစနစ် အသုံးမပြုမီ ပြင်ဆင်မှုများ***

ရေသန့်စင်မှုစနစ်ကိုအသုံးပြုမည့်ပစ္စည်းများနှင့်ရေပိုက်ဆက်သွယ်မှုများ တပ်ဆင်ပြီးနောက်

၁။ ကျောက်စရစ်ခဲအသုံးပြု ရေသန့်စင်မှုစနစ် စည်ကိုနှစ်ကြိမ်သို့ သုံးကြိမ်ရေပြည့်အောင် ဖြည့်ပြီးနောက် ရေပြန်သွန်ကာ ဖြည့်ထားသော ကျောက်စရစ်ခဲများကို ဆေးပေးပါ။

၂။ ကျောက်စရစ်ခဲအသုံးပြု ရေသန့်စင်မှုစနစ်မှ ရေကို အသုံးပြုကာ ဇီဝသဲရေသန့်စင်မှုကို နှစ်ကြိမ်/သုံးကြိမ် သို့ ရေကြည်လာတဲ့အထိ ရေပြည့်အောင်ဖြည့်ပြီး ပြန်သွန်ပါ။

၃။ ဇီဝသဲရေသန့်စင်မှုမှ ရေကို အသုံးပြုကာ ဘိုင်အိုမီးသွေးရေသန့်စင်မှု စည်ကို နှစ်ကြိမ်ခန့် ရေပြည့်အောင်ဖြည့်ပြီး ရေပြန်သွန်ကာ ဆေးပေးပါ။

"သဲနှင့်မီးသွေးများသည် ရေထွက်ပေါက်ပိုက်များမှ သို့ ဇီဝသဲနှင့် ဘိုင်အိုမီးသွေး ရေသန့်စင်မှုစည်များမှ တစ်ဆင့် ထွက်ကျမလာပါစေနှင့်။"

၄။ ဘိုင်အိုမီးသွေးရေသန့်စင်မစနစ်မှ ရေဖြင့် ရေသန့်သိုလှောင်စည်ကို ရေဖြည့်ပြီးပြန်သွန်ကာ တစ်ကြိမ်ဆေးကြောပါ။

၅။ ရေသန့်စင်မှုစနစ်တည်ဆောက်ပြီးနောက် ဇီဝသဲရေသန့်စင်မှုစနစ်ကို ပြင်ဆင်ရန်နှင့် ရေသန့်စင်မှုစနစ်ကို ယုံကြည်စိတ်ချစွာ အသုံးပြုနိုင်ဖို့အတွက် တစ်ပတ် သို့ နှစ်ပတ်ကြာသည်အထိ တစ်နေ့တစ်ကြိမ် ရေသန့်သိုလှောင်ကို ဖြည့်ပြီးပြန်သွန် ပေးပါ။ ထိုအတောအတွင်း ရရှိသောရေကို ထမင်းဟင်းချက်ရာနှင့် ရေနွေးတည်ရာ၌သာ အသုံးပြုသင့်ပြီး တိုက်ရိုက်ရေမသောက်သုံးသင့်ပါ။

### ***ဘိုင်အိုဖင်လ်အလွှာဖြစ်ပေါ်လာဖို့အတွက် အကူအညီပေးခြင်း***

ဇီဝသဲရေသန့်စင်မှုစနစ်တွင် ဘိုင်အိုဖင်လ်အလွှာကောင်းကောင်း ဖြစ်ပေါ်လာမှသာ ရေသန့်စင်မှု စနစ်၏ အကောင်းဆုံးလုပ်ဆောင်ချက်ကို ရရှိမည်ဖြစ်သည်။ ဘိုင်အိုဖင်လ်အလွှာဖြစ်ပေါ်လာမှုသည် ဒေသခံ ပတ်ဝန်းကျင်အခြေအနေများဖြစ်သည့် အပူချိန်နှင့် ရေအရင်းအမြစ်အခြေအနေများပေါ်တွင် အဓိကမူတည်သည်။ ပူနွေးသော အပူချိန်နှင့် ရေတွင်အောက်စီဂျင်ပျော်ဝင်နှုန်းမြင့်မားခြင်းများသည် ဘိုင်အိုဖင်လ်အလွှာဖြစ်ပေါ်လာဖို့အတွက် အထောက်အကူပြုပါသည်။ ဘိုင်အိုဖင်လ်အလွှာကောင်းကောင်း ဖြစ်လာဖို့အတွက် ရေသန့်စင်မှုစနစ်တည်တောက်ပြီးနောက် ဇီဝသဲရေသန့်စင်မှုစနစ်ကို သီတင်းပတ်အချို့ကြာအောင် နေရောင်နှင့် ထိတွေ့စေခြင်းအားဖြင့် ကူညီပေးနိုင်ပါသည်။ ၁ mm စာကာပေါက်ပါ ပလတ်စတစ်အစကို ဖုန်အမှုန်၊ သစ်ရွက်အမှိုက်သရိုက်များမဝင်အောင် ရေစည်များပေါ်၌ ဖုံးအုပ်ထားသင့်ပါသည်။ ဇီဝသဲရေသန့်စင်စည်ထဲတွင် ရေညှိအနည်းငယ်ရှိနေခြင်းသည် ဘိုင်အိုဖင်လ်အလွှာအတွက် အစာအာဟာရ ထောက်ပံ့ပေးသည်။ ဘိုင်အိုဖင်လ်အလွှာကို မျက်စိဖြင့်မြင်နိုင်သည့်အခါ (ပူပြင်းသော ဒေသများတွင် နှစ်ပတ်၊သုံးပတ်အချိန်အတွင်း ဖြစ်နိုင်) ဇီဝသဲရေသန့်စင်စည်ကို ရေညှိများစွာပေါက်ဖွားခြင်းမှ ကာကွယ်နိုင်ရန် အဖုံးသေချာ ဖုံးပါ။

### ***ရေသန့်စင်စနစ်အကောင်းဆုံးလုပ်ဆောင်ချက်အတွက် စနစ်အတွင်းသို့ အမြဲမပြတ်ရေစီးဆင်းမှု လိုအပ်သည်။***

ရေစီးဆင်းမှုပြတ်တောက်မှု ရက်အနည်းငယ်ထက်ပိုပြီးဖြစ်ပွားပါက ပျော်ဝင်အောက်စီဂျင် ကုန်ဆုံးပြီးရေအရည်အသွေးကိုကျဆင်းစေကာ ရေအနံ့အရသာမကောင်းခြင်း ကိုဖြစ်စေသည်။ ထို့ကြောင့် အမြဲမပြတ်ရေစီးဆင်းမှုသည် အကောင်းဆုံးဖြစ်သည်။

## ***ရေသန့်စင်မှု စနစ်ထိန်းသိမ်းမှုလုပ်ဆောင်ချက်များ***

### ***ကျောက်စရစ်ခဲအသုံးပြု ရေသန့်စင်မှုစနစ်***

***ထိန်းသိမ်းနည်း။ ။ လစဉ်ရေဖွင့်ထုတ်ဆေးကြောခြင်း***

အနည်းဆုံး တစ်လကို တစ်ကြိမ် အောက်ခြေမှာ စုနေသော အနည်များကို တိုင်ကီအောက်ခြေမှာရှိသော ရေထွက်ပေါက် ခလုတ်အကြီးကို ဖွင့်ပြီး ဖယ်ထုတ်ပေးရပါမည်။ ရေဝင်ပေါက် ခလုတ်ကို ဖွင့်ကာ အောက်ခြေမှာ ကျန်ရှိနေသော အနည်များနှင့် ရေသွယ် သည့် ပိုက်ထဲမှာ ရှိနေသော အနည်များကို ဆေးကြောနိုင်သည်။
ပုံမှန်အခြေအနေများတွင် ကျောက်စရစ်ခဲများကို အသစ်ပြန်လဲစရာမလိုပါ။

### ***ဇီဝသဲရေသန့်စင်မှုစနစ်***

***ထိန်းသိမ်းနည်း။ ။ သဲမွှေပေးခြင်း***

ဘိုင်အိုဖင်လ် ဖြစ်ပေါ်လာတာနဲ့ အမျှ ရေစီးဆင်းနှုန်းလည်း နှေးလာမည်။ မူလမှန်းထားသည့်ရေရရှိနှုန်း ကို ပြန်လိုချင်ပါက ညင်သာစွာသဲပေါ်မျက်နှာပြင်နှင့် ဘိုင်အိုဖင်လ်ကို မွှေပေးခြင်းဖြင့် အနည်ထလာမည်။ ထိုအခါ ရေစုပ်ယူသည့် တုတ်တံကိရိယာကို အသုံးပြုပြီး သဲပေါ်မှာရှိနေသည့် ရေများကို စုပ်ယူပေးပါ။

### **ဘိုင်အိုမီးသွေးသုံး ရေသန့်စင်မှုစနစ်**

***ထိန်းသိမ်းနည်း။ ။ နှစ်စဉ် ဘိုင်အိုမီးသွေးလဲလှယ်မှု***

ဘိုင်အိုမီးသွေးကို ကြိတ်၊ထုထားသော ဘိုင်အိုမီးသွေးအသစ် များဖြင့် နှစ်စဉ်လဲလှယ် ပေးသင့်ပါသည်။ ဖယ်ထုတ်လိုက် သော မီးသွေးအဟောင်းများကို ဘေးကင်းသောနည်းဖြင့် စွန့်ပစ်သင့်ပါသည်။

* မှတ်ချက်: အချို့လူလုပ်ကာဘွန်ပါ ဓာတုပစ္စည်းများ ကို မျက်နှာပြင်ပေါ်တွင်ကပ်ညိစေသော နည်း (သို့) ပိုးမွှားများက ဖျက်ဆီးဖယ်ရှားပေးသော နည်းဖြင့်သော်လည်းကောင်း အလွယ်တကူ မဖယ်ရှားနိုင်ပါ။ ထို့ကြောင့် ထို ဓာတုပစ္စည်းများဖြင့် ညစ်ညမ်းမှုရှိသည့်ရေအရင်းအမြစ်များကို တတ်နိုင်လျှင် အသုံးပြုခြင်းမှ ရှောင်ရှားသင့်သည်။

# ပစ္စည်းကိရိယာစာရင်း

| ပိုက်ပစ္စည်းများ | အရေအတွက် |
|---|---|
| ၂၀၀ လီတာဆန့် အပြာရောင်တိုင်ကီ | ၄ |
| ရေပေါ်ဗားခလုတ် | ၁ |
| ရေပေါ်ဗားခလုတ်နှင့်တော်သော မင်းတုန်း၊ ဝက်အူနှင့် ဝါရှာနှစ်ဆက် | ၁ |
| ရေခလုတ်နှင့် ဘုံပိုင်ခေါင်း (၁/၂") | ၁ |
| ပီဗွီစီ အဂုစ်ပါသော အမပိုက်ဆက် (၁/၂") | ၉ |
| ပီဗွီစီ အဂုစ်ပါသော အဖိုပိုက်ဆက် (၁/၂") | ၇ |
| ပီဗွီစီ တီပုံပိုက်ဆက် (၁/၂") | ၃ |
| ပီဗွီစီ ပိုက်ကောက်ဆက် (၁/၂") | ၃ |
| ပီဗွီစီ ဗားခလုတ် (၁/၂") | ၈ |
| ပီဗွီစီ အဂုစ်ပါသော အမပိုက်ဆက် (၁ ၁/၂") | ၁ |
| ပီဗွီစီ အဂုစ်ပါသော အဖိုပိုက်ဆက် (၁ ၁/၂") | ၁ |
| ပီဗွီစီ ဗားခလုတ် (၁ ၁/၂") | ၁ |
| ပီဗွီစီ အဒက်ပ်တာ ပိုက်ဆက် (၁ ၁/၂" - ၂") | ၁ |
| ရေပိုက်ပျော့ (၁ မီတာ) | ၁ |
| ၁/၂" ပီဗွီစီပိုက် (၄ မီတာ) | ၁ |
| ၁ ၁/၂" ပီဗွီစီပိုက် (၄ မီတာ) | ၁ |
| ပီဗွီစီ ဂလူး (ဗူးသေး) | ၁ |
| နိုင်လွန်ကြိုး (သို့) သံနိုင်ကြိုး (၂၀ မီတာ) | ၁ |
| ရေပိုက်လုံအောင် ဖာသည့် စီလီကွန်း/အခရီလစ်ဆေး | ၁ |
| တက်ဖလွန်တိပ် | ၁ |
| အရိပ်ကာ အစ (၂ x ၁၀ မီတာ အိတ်) | ၁ |
| ကြက်ခြံသုံးစကာ ၁ mm စကာဆိုဒ် (၉၀ cm x ၁၀ m) | ၁ |
| ပလတ်စတစ် စကာ ၁၀ mm စကာဆိုဒ် (၁ m x ၂ m) | ၁ |
| ပလတ်စတစ် စကာ ၅ mm စကာဆိုဒ် (၁ m x ၂ m) | ၁ |
| ပလတ်စတစ် စကာ ၂.၅ mm စကာဆိုဒ် (၁ m x ၂ m) | ၁ |
| ပလတ်ဖောင်းနှင့် အမိုး | ၁ |
| ရေအရင်းအမြစ်နှင့် သုံးလိုသည့်နေရာဆက်သွယ်ရန် လိုအပ်သည့် ပိုက်ပစ္စည်းများ | နေရာအကွာအဝေးနှင့် အခြေအနေပေါ်မှာ မူတည် |

## *ကိရိယာစာရင်း*

တိုင်ကီအဖုံးများနှင့် ပိုက်ဆက်ဖို့အပေါက်များဖောက်ရန်အတွက် လွှအသေးစားနှင့် အိတ်ဆောင်ဓား

*ရွေးချယ်ခွင့်;* ဖောက်စက်၊ ၂၁ နှင့် ၄၈ မီလီမီတာ အချင်းရှိ လွှသွားများ

ပန်းကန်ဆေးဆပ်ပြာနှင့် အိုးတိုက်ဖတ်/တံ

သဲနှင့်မီးသွေးများသိမ်းရန် တိရစ္ဆာန်အစာအိတ် /ဆန်အိတ်များနှင့် ရေပုံးများ

အလျားတိုင်း တိပ် နှင့် ပလာယာ

မာကာ ပန် နှင့် ကတ်ကြေးများ